# သာမန်ကာလ (၁၆)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်မာကု ၆း၃၀-၃၄

ယနေ့ ဖတ်ရတဲ့ ပထမကျမ်းစာ ယေရမိအနာဂတ္တိကျမ်း ၂၃း၁ မှာ "ထာဝရဘုရား မိန့်တော်မူသည်ကား ငါ့ထံမှာ ကျက်စားသောသိုးစုကို ဖျက်ဆီး၍ အရပ်ရပ်သို့ ကွဲပြားစေသောသိုးထိန်းတို့သည် အမင်္ဂလာရှိကြ၏" လို့ ဆုံးမထားပါတယ်။ ကိုယ့်ရဲ့ ထိန်းသိမ်းမှုအောက်မှာ ရှိတဲ့သူတွေကို ကိုယ်က လမ်းမှန်ကို မညွှန်ပြပဲ လစ်လျူရှုထားလို့ သူတို့တစ်တွေ ပျက်စီးရတယ်ဆိုရင် ကိုယ့်မှာ အပြစ်မကင်းဘူးဆိုတာ သတိပေးထားပါတယ်။ ကိုယ် ဦးဆောင်ရတဲ့သူတွေ ကိုယ့်လက်အောက်မှာ နေရတဲ့သူတွေ ဘုရားရဲ့တရားတော်အတိုင်း ကာယ ဝိညာဉ် လုံခြုံစေဖို့ ၊ လမ်းမှားမရောက်စေဖို့ ကိုယ့်မှာ ဘုရားပေး တာဝန်ရှိပါတယ်။

ယေရမိ ဆက်ပြီးပြောတာက အခုလက်ရှိ အီဇရာအဲလ်ခေါင်းဆောင်တွေက မကောင်းကြပေမဲ့ တစ်နေ့ ဒါဝိဒ်ရဲ့ အမျိုးအနွယ်ထဲက သိုးထိန်းကောင်း ကယ်တင်ရှင် ကြွလာလိမ့်မယ်လို့ ကြိုတင် ဟောပြောခဲ့ပါသေးတယ်။

သူ ကြိုတင်ဟောပြောခဲ့တဲ့အတိုင်း ယေဇူးဘုရားရှင်က သိုးထိန်းကောင်းအဖြစ်နဲ့ အီဇရာအဲလ်လူမျိုးတွေအလယ်မှာ ပေါ်ထွန်းလာခဲ့ပါတယ်။ ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ရှင်မာကု ဧဝံဂေလိကျမ်းစာမှာ ယေဇူးဘုရားရှင်က သူ့ကို စောင့်မျှော်နေကြတဲ့ လူအုပ်ကြီးကို ကြည့်ပြီး သနားနေမိပါတယ်။ "အကြောင်းမူကား သူတို့သည် သိုးထိန်းမရှိသောသိုးများကဲ့သို့ ဖြစ်နေသောကြောင့်တည်း " ကျနော်တို့ ဘာသာသူတွေလည်း ဝိညာဉ်ရေးမှာ လမ်းညွှန်ပေးမည့်သူ မရှိ၊ မျှော်လင့်ချက် ပေးမည့်သူမရှိ၊ အားပေးကူညီမည့်သူမရှိ ဖြစ်နေရင် သနားစရာ အကောင်းဆုံးပါပဲ။ ဒါကြောင့် ယေဇူးဘုရားက သူတို့ကို "များစွာသောအကြောင်းအရာများကို စတင်သွန်သင်တော်မူ၏" တဲ့ ။

ယေဇူးဘုရားရှင်က လူတွေကို သနားလို့ သူ ဘာလုပ်သလဲ။ တရားတွေ များများဟောပြောပေးတယ် တဲ့။ ဟုတ်ပါတယ်။ လူတွေကို ကောင်းစေချင်ရင် ၊ လမ်းမှန်ရောက်စေချင်ရင်၊ ဝမ်းမြောက်ဝမ်းသာနဲ့ ဘဝကို အားတက်သရော လျှောက်လှမ်းနိုင်စေချင်ရင် တရားများများဟောပြောပါ။ ပရောဖက် အာမုတ် အခန်းကြီး ၈ ထဲမှာ ဘုရားသခင်က လူတွေကို ဒဏ်ပေးချင်ရင် အစာငတ်မွတ်တဲ့ဘေးနဲ့လည်း ဒဏ်မခတ်ဘူး။ ဘာလို့လဲဆိုတော့ အဲ့ဒီဒဏ်က ပျော့သေးတယ်။ ဒါးဘေးနဲ့လည်း ဒဏ်မခတ်ဘူး၊ အဲ့ဒီဒဏ်ကလည်း ပျော့သေးတယ်။ ဘယ်လို ဒဏ်ခတ်သလဲဆိုတော့ နှုတ်တော်ထွက်တရားတော်ကို မကြားရစေတဲ့ဒဏ် ဖြစ်ပါတယ်။ ဒါမှ လူတွေ ဘာမျှော်လင့်ချက် ဘာဂတိတော်မှလည်း မကြားသိရတော့ဘူး။ ဘဝမှာ ကောင်းအောင်ဘယ်လိုနေထိုင်ရမလဲဆိုတာလည်း မသိတော့ဘူး။ ဒီဘဝသက်တမ်းကုန်ဆုံးရင် ထာဝရအသက် ကောင်းကင်ဘုံရှိတယ်ဆိုတာလည်း မသိရလို့ မမျှော်လင့်နိုင်တော့ဘူး။ ကဲ အဲ့ဒီလို နှုတ်ကပတ်တော်ကို မကြားရတဲ့ဒဏ်က ဘယ်လောက်ဆိုးသလဲ။

ဘုရားသခင်ဟာ ကျနော်တို့ကို ကြည့်ရှုစောင့်ရှောက်နေတဲ့ဘုရားဖြစ်လို့ ဘုရားထံ

အားကိုးခိုလှုံဖို့ ၊ ဘုရားရဲ့လမ်းညွှန်ချက်ဖြစ်တဲ့ တရားတော်တွေကို နာခံဖို့ အရေးကြီးဆုံးပါပဲ။ ထာဝရအသက်ရဖို့ ၊ လမ်းမှားမရောက်ဖို့ အတွက် ယေရှုဘုရားရှင်ရဲ့နောက်တော်ကို လိုက်ဖို့ လိုပါတယ်။ သိုးထိန်းတော်ရှင် ဘုရားသခင်ရဲ့ ဦးဆောင်မှုနောက်ကို လိုက်တဲ့အခါ ဉာဏ်မရှိတဲ့သိုး တိရစ္ဆာန်တွေလို နောက်ကလိုက်ရုံလိုက်တာမျိုး မဟုတ်ရပဲ တက်ကြွတဲ့နာခံခြင်းမျိုးနဲ့ လိုက်ရပါမယ်။

ယေရှုဘုရားရှင်က သိုးထိန်းကောင်းရဲ့ အရည်အချင်းနဲ့ ပြည့်စုံသလို ကျနော်တို့ လူတွေကလည်း ဘုရားရဲ့ နောက်လိုက်ကောင်း အရည်အချင်းနဲ့ ပြည့်စုံကြရပါမယ်။ သိုးထိန်းကောင်း ဘုရားရဲ့နောက်တော်ကို လိုက်တယ်၊ ဘုရားရဲ့တရားတော်ကို ဆည်းကပ်တယ်ဆိုရင် သင့်မှာ လမ်းမှားရောက်စရာ အကြောင်းမရှိပါဘူး။ အဲ့လို မဟုတ်ပဲ ကိုယ့်စိတ်ကူးပေါက်ရာ ကိုယ့်စိတ်ပါရာကို မစဉ်းစားမဆင်ခြင်ပဲ လုပ်ရင် သင်ဟာ အပြစ်အမှားတွေပဲ လုပ်မိနေပါလိမ့်မယ်။ ဒါတွေကို သိုးထိန်းကောင်း ဘုရားရှင်က သိတော်မူပါတယ်။ ဘယ်နေရာက လုံခြုံတယ်၊ ဘယ်နေရာကို သွားရင် စားကျက်ရှိတယ်ဆိုတာတွေကို သိုးထိန်းတွေက သိသလိုပေါ့။ ဒါကြောင့် ဘဝမှာ ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်ဖါသာ လုပ်ချင်ရာလုပ်ပြီး စိတ်ပျက်လက်ပျက်နဲ့ ဘဝပျက်လာရင် ဘုရားကို အပြစ်ပုံချလို့ မရပါဘူး။ သိုးထိန်းကောင်း နောက်ကို မလိုက်ပဲ ကိုယ့်လမ်းကို ကိုယ်လျှောက်ခဲ့တာကိုး ။ ဒါကြောင့် သိုးထိန်းကောင်း ဘုရားသခင်ကို ဆန့်ကျင်တာက ကိုယ့်ကောင်းကျိုးကို ကိုယ်ဖျက်တာနဲ့ အတူတူပါပဲ။

သတိထားပါ။ ဘုရားတရားကို စွန့်ပစ်ပြီး ကိုယ်ကြိုက်သလို စိတ်ရှိတိုင်း လျှောက်လှမ်းဖို့ နှောက်ယှက်ခြင်း ဝင်လာရင် ကိုယ့်လမ်း ကိုယ့်အကြိုက်ကို လုပ်ဖို့ထက် ဘုရားရဲ့လမ်း သိုးထိန်းကောင်းရဲ့လမ်းကိုသာ ရွေးချယ်ပါ။ အမြဲသတိထားပါ။ လူ့ဘဝက မသေချာ မရေရာလို့ ထာဝရအသက်ပေးနိုင်တဲ့ဘုရား သန့်ရှင်းမွန်မြတ်စေတဲ့ဘုရား ဦးဆောင်ရာကိုသာ လိုက်နာတာက အကောင်းဆုံးပါပဲ။

သိုးထိန်းလို့ ဆိုရာမှာ ဘုန်းကြီး ဆရာတော်တွေကိုပဲ ဆိုလိုတာ မဟုတ်ပါဘူး။ သင့်မှာလည်း သားသမီးတွေ ရှိနေရင် သင်ဟာ သားသမီးတွေအတွက် ကောင်းတဲ့သိုးထိန်းဖြစ်ရမယ်။ သင့်မှာ စာသင်သား တပည့်တွေ ရှိနေရင် သူတို့အတွက် သင်က ကောင်းတဲ့သိုးထိန်း ဖြစ်ရပါမယ်။ သင်က အုပ်ချုပ်ရတဲ့သူ တာဝန်ခံဖြစ်နေရင် သူတို့ကောင်းကျိုးအတွက် သင်က ကောင်းသောသိုးထိန်း ဖြစ်ရမယ်။

ယခုခေတ် လူငယ်တော်တော်များများက ဘုရားတရားကို စိတ်မဝင်စားကြဘူး။ ဒါကလည်း လူငယ်တွေက ဘုရားရဲ့တရားတော်ကို နားမထောင်ချင်တာ မဟုတ်ပါဘူး။ ဘုရားရဲ့တရားတော်က ဝမ်းမြောက်စရာ သတင်းကောင်းပါဆိုမှ မကြားချင်ပဲ နေပါ့မလား။ ဘယ်သူမဆို ကိုယ့်ကို ဝမ်းသာစေမည့်သတင်းကောင်းဆို နားထောင်ချင်မှာပေါ့။ ဒါပေမဲ့ အဲဒီဝမ်းမြောက်စရာ သတင်းကောင်းက ငြီးငွေ့စရာ အသံကြီးနဲ့ဆိုရင် ဘယ်သူက နားထောင်ချင်မှာလဲ။ ဝမ်းမြောက်စရာသတင်းကို ဟောပြောတဲ့သိုးထိန်းကလည်း သူကိုယ်တိုင်တောင် ဝမ်းမမြောက်တာ ဘယ်သူက အားကျပြီး ဒီတရားတော်ကို လိုက်နာမှာလဲ။ ကိုယ့်ရဲ့သိုးစုနဲ့ ကိုယ်က အပြန်အလှန် နားလည်သိကျွမ်းဖို့ လိုတာပေါ့။ ဒါကြောင့် ယေရှုဘုရားရှင်က “ငါ၏သိုးတို့ကို ငါသိ၏။

ငါ၏သိုးတို့သည်လည်း ငါ့ကို သိကြ၏” တဲ့ ။ ရင်းနှီးပြီးသား။ နားလည်ပြီးသား လူတွေပါ။

ကျနော်တို့ သိုးထိန်းတွေ ဦးဆောင်သူတွေမှာလည်း ခံစားချက် စိတ်ဒဏ်ရာတွေ ရှိကြပါတယ်။ ကိုယ်တာဝန်ယူ ကြည့်ရှုစောင့်ရှောက်ရတဲ့သူတွေက ကိုယ့်ကို အထင်လွဲတဲ့အခါ၊ ကိုယ့်ကို နားမထောင်ကြတဲ့အခါ ဆန့်ကျင်ကြတဲ့အခါ သိုးထိန်းတွေမှာ စိတ်ထိခိုက်ရပါတယ်။ ဒီအခါ သိုးထိန်းတာဝန်မှ ထွက်သွားချင်စိတ် ပေါက်မိကြပါတယ်။

ဒါပေမဲ့ သိုးစုကို စေတနာစိတ်နဲ့ ချစ်တဲ့စိတ်နဲ့ ဆက်လက်ပြီး အစေခံနိုင်တဲ့ခွန်အားက ဘုရားသခင်ဆီမှ ရတာပါ။ ဒါကြောင့် သိုးထိန်းကောင်း ယေဖူးဘုရားက “ငါသည် ခမည်းတော်ကို သိ၏။ ခမည်းတော်သည်လည်း ငါ့ကို သိတော်မူ၏” တဲ့ ။ ဘုရားနဲ့ ရင်းနှီးကျွမ်းဝင် ဆုတောင်းနေတဲ့ သိုးထိန်းဟာ တော်တော်နဲ့ စိတ်ဓါတ်မကျပါဘူး။ ဘုရားကသာ ခွန်အားပေးနိုင်တာပါ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။